ပြည်ထောင်စုမြန်မာနိုင်ငံတော်
မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်

စာအမှတ်၊ ရက- ၆(ခ) /မ- ၁၄၈၉/၂၀၁၀ (၈၅၅၇)၊
ရက်စွဲ၊ ၂၀၁၀ ခုနှစ်၊ ဇွန် လ ၁၆ ရက်။

ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရအဖွဲ့သို့ တင်ပြသည့်
အမှာစာ

အကြောင်းအရာ။ ။ရွှေယမုံထုတ်လုပ်မှုကုမ္ပဏီလီမိတက် (Shwe Yamone Manufacturing Co., Ltd.) မှ တန် (၃၀၀) ဆံ့ အအေးခန်းစက်ရုံ တည်ဆောက်၍ သန့်ရှင်းလတ်ဆတ်သော ငါး/ပုစွန်များ ပြုပြင်ထုတ်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်ရန် အဆိုပြု တင်ပြခြင်း ကိစ္စ။

၁။ မြန်မာကုမ္ပဏီ ဖြစ်သော ရွှေယမုံ ထုတ်လုပ်မှု ကုမ္ပဏီလီမိတက် (Shwe Yamone Manufacturing Co., Ltd.) မှ ကုမ္ပဏီ အမည်ဖြင့် လပွတ္တာမြို့ (၃)မိုင် မြို့ကွက်သစ် ချထားရေး ကော်မတီမှ အသုံးပြုခွင့်ရရှိထားသော မြေကွက်အမှတ် C, C- 1 ၊ ကျောက်မှော်ရွာကွင်း၊ ကွင်းအမှတ် (၅၇၉) ၊ (၃)မိုင် မြို့ကွက်သစ်၊ လပွတ္တာမြို့နယ်ရှိ မြေ (၃.၆၇၂) ဧက (၁၄၈၆၀.၀၇ စတုရန်းမီတာ) တွင် တန် (၃၀၀) ဆံ့ အအေးခန်းစက်ရုံ တည်ဆောက်ပြီး သန့်ရှင်းလတ်ဆတ်သော ငါး၊ ပုစွန်များ ပြုပြင် ထုတ်လုပ်ခြင်း လုပ်ငန်းကို မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေအရ ဆောင်ရွက်ခွင့် ပြုပါရန် ရင်းနှီးမြှုပ်နှံသူ ဦးအောင်သက်မန်း မှ အဆိုပြု တင်ပြလာပါသည်။

၂။ ဧရာဝတီတိုင်း၊ အထူးတိုင်း စည်ပင်သာယာရေးအဖွဲ့မှ ၂၀၁၀ ခုနှစ်၊ မတ်လကုန် အပြီး အအေးခန်းစက်မှုဇုန်များကို အမြန်ဆုံး ဆောက်လုပ်ရန် ဥက္ကဋ္ဌ၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ လပွတ္တာမြို့သို့ လိပ်မူ၍ ဝါဝါဝင်း၊ TZTM၊ ရွှေယမုံ၊ GIF ကုမ္ပဏီများသို့ မိတ္တူပေးပို့ထားသည့် အကြောင်းကြားစာကို တင်ပြထားပါသည်။

၃။ လျှပ်စစ်ဓါတ်အား အသုံးပြုမှုနှင့်စပ်လျဉ်း၍ ကုမ္ပဏီပိုင် Power Generator AC 230/ 250 KVA ဖြင့် သုံးစွဲမည့် အပြင် 315 KVA Transformer ဖြင့် မြန်မာ့လျှပ်စစ် ဓါတ်အားလုပ်ငန်းမှ ရယူသုံးစွဲမည် ဖြစ်ကြောင်း ကုမ္ပဏီမှ တင်ပြထားပါသည်။

၄။ အဆိုပြုလုပ်ငန်းဆောင်ရွက်ခွင့် တင်ပြလာခြင်းနှင့် စပ်လျဉ်း၍ (၂-၆-၂၀၁၀) နေ့တွင် ကျင်းပပြုလုပ်သည့် ကုန်သွယ်မှု မူဝါဒကောင်စီ၏ (၁၆/၂၀၁၀) အစည်းအဝေးမှ "လုပ်ငန်းဆောင်ရွက်ခွင့်ပြုကြောင်း" ဆုံးဖြတ်ခဲ့ပါသည်။ နောက်ဆက်တွဲ (က)

၅။ အဆိုပြုချက်တွင် တင်ပြထားသော ကုန်ကြမ်းရရှိနိုင်မှု နှင့် ကုန်ချော ထုတ်လုပ်နိုင်မှု အချိုးအစား ညီညွတ်မှုရှိကြောင်း၊ကုန်ကြမ်း လိုအပ်ချက်အပိုင်းတွင် အဆိုပြုချက်ပါ တင်ပြချက်ထက် ဒေသတွင် ပိုမိုရရှိနိုင်ကြောင်း၊ကုန်ကြမ်းရရှိမှုပေါ်မူတည်၍ ကုန်ချောပိုမိုထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း၊ ကုန်ကြမ်းဈေးနှုန်းနှင့်ကုန်ချောဈေးနှုန်းများမှာ ပြင်ပနှင့် နှိုင်းယှဉ်ပါက အနည်းငယ်ကွဲလွဲလျှက်ရှိကြောင်း ၊ ကုန်ချော ထုတ်လုပ်မှုနှင့် စက်အင်အား၊ လူအင်အား အချိုးအစားညီညွတ်မှုရှိကြောင်းနှင့် တန်(၃၀၀)ဆံ့ အအေးခန်းစက်ရုံ တည်ဆောက်ပြီး ငါး/ပုစွန် ပြုပြင်ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်းကို ကန့်ကွက်ရန် မရှိကြောင်း မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန မှ သဘောထားပြန်ကြားထားပါသည်။ နောက်ဆက်တွဲ (ခ)

၆။ မွေးမြူရေးနှင့်ရေလုပ်ငန်း ဝန်ကြီးဌာန၏ သဘောထား ပြန်ကြားချက်အရ ကုန်ကြမ်း၊ ကုန်ချော ဈေးနှုန်းများကို ကုမ္ပဏီမှ ပြင်ဆင်တင်ပြလာပြီး ဖြစ်ပါသည်။ လုပ်ငန်း အဆိုပြုချက်အား နောက်ဆက်တွဲ (ဂ) ဖြင့် တင်ပြအပ်ပါသည်။ လုပ်ငန်း၏ ရင်းနှီးမြှုပ်နှံမှုပမာဏမှာ စုစုပေါင်းကျပ်(၇၉၇.၂၆)သန်းဖြစ်ပါသည်။ လုပ်ငန်း အတွက် လိုအပ် သော စက်ပစ္စည်းများကို ပြည်တွင်းရှိကုမ္ပဏီများမှ ဝယ်ယူမည် ဖြစ်ကြောင်း တင်ပြထားပါသည်။

၇။ အဆိုပြုလုပ်ငန်းမှ ထုတ်လုပ်သည့် ရေခဲများကို လုပ်ငန်းအတွက် အသုံးပြုမည် ဖြစ်ပြီး ငါး၊ ပုစွန် ကုန်ချောများကို ပြည်ပသို့ ရာခိုင်နှုန်းပြည့် တင်ပို့မည် ဖြစ်ပါသည်။ ငါး၊ ပုစွန် အေးခဲခြင်း ဝန်ဆောင်မှု လုပ်ငန်းလည်း ဆောင်ရွက်မည် ဖြစ်ပါသည်။ ပုံမှန်နှစ်ရှိ ထုတ်လုပ်မှု နှင့် ဝန်ဆောင်မှု များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

စဉ်	အမျိုးအစား	ထုတ်လုပ်မှု (မက်ထရစ်တန်)
၁။	ရေချိုငါး	၃၅၃
၂။	ရေငန်ငါး	၂၆၇
၃။	ရေချိုပုစွန်	၃၆
၄။	ပုစွန် (White)	၂၀

Shwe yamone cab

စဉ်	အမျိုးအစား	ထုတ်လုပ်မှု (မက်ထရစ်တန်)
၅။	ပုစွန် (Tiger)	၂၀
၆။	ပုစွန် (Pink)	၂၀
၇။	ရေခဲ (300 Lb)	၁၀၀၀၀ တုံး (လုပ်ငန်းသုံးရန်)
	ဝန်ဆောင်မှု	
၈။	ငါး၊ပုစွန်အေးခဲခြင်း	၄၄၀၀၀

၈။ လုပ်ငန်းကိုဆောင်ရွက်ခြင်းဖြင့် ပုံမှန်နှစ်တွင် ဝင်ငွေ အမေရိကန်ဒေါ်လာ (၂.၉၁)သန်း နှင့် ကျပ်(၃၉၆၀.၀၀)သန်း ရရှိမည်ဖြစ်ပါသည်။ နိုင်ငံတော်မှ ပုံမှန်နှစ်တွင်ရရှိမည့်အကျိုးအမြတ် ခန့်မှန်းခြေမှာ ဝင်ငွေခွန် ကျပ် (၂၈.၂၅) သန်း၊ ပြည်ပ တင်ပို့ရောင်းချရငွေ အပေါ် (၁၀%) ဖြတ်တောက် ရရှိငွေ အမေရိကန်ဒေါ်လာ (၀.၂၉) သန်း ရရှိမည် ဖြစ်ပါသည်။ လုပ်ငန်း၏ အရင်းကြေကာလမှာ (၃)နှစ် နှင့် (၂)လ ဖြစ်ပြီး အရင်းအနှီးအပေါ် အကျိုး အမြတ် ပြန်ပေါ်နှုန်း (IRR) မှာ (၂၇.၉၉) ရာခိုင်နှုန်း ဖြစ်ပါသည်။ လုပ်ငန်းဆောင်ရွက်ရန် ပြည်တွင်း မှ လုပ်သား (၂၀၈)ဦး ခန့်ထားမည်ဖြစ်ပါသည်။ လုပ်ငန်းခွင်သာယာရေးနှင့် ဝန်ထမ်းများ သက်သာ ချောင်ချိရေးအတွက် ထမင်းစားခန်း၊ ရေချိုးခန်း၊ ရေအိမ်၊ နားနေခန်းနှင့် အဝတ်လဲခန်းများ စီစဉ် ပေးခြင်း၊ ဆုကြေးအဖြစ် အလုပ်ဆင်းရက်မှန်ဆု၊ အလုပ်ကြိုးစားဆု၊ လုပ်သက်အကြာဆုံးဆုများ ပံ့ပိုး ပေးခြင်းနှင့် အလုပ်သမားဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်မည် ဖြစ်ကြောင်း ကုမ္ပဏီမှ တင်ပြ ထားပါသည်။

၉။ ငွေကြေးအထောက်အထားအဖြစ် ကုမ္ပဏီ အမည်ဖြင့် မြန်မာ့မွေးမြူရေးနှင့် ရေလုပ်ငန်း ဖွံ့ဖြိုးရေးဘဏ်ရှိ (၂၆-၂-၂၀၁၀) နေ့ ငွေလက်ကျန် ကျပ် (၅၀၀.၀၀) သန်း တင်ပြထားပါသည်။

၁၀။ ယင်းလုပ်ငန်းသည် မြန်မာနိုင်ငံသားများ သာလျှင် ပိုင်ဆိုင်ပြီး နိုင်ငံခြားမှ မည်သူမျှ ပိုင်ဆိုင်မှု မရှိကြောင်း၊ ပတ်ဝန်းကျင် ညစ်ညမ်းမှု မရှိစေရန် Waste Water Treatment Plant ကို တည်ဆောက်အသုံးပြုမည်ဖြစ်ပြီး၊ မီးဘေးအန္တရာယ်အတွက် လိုအပ်သောအစီအမံများ၊ ကြိုတင် ကာကွယ်မှုများ ပြုလုပ်ထားမည်ဖြစ်ကြောင်း၊ ပုဂ္ဂလိက စက်မှုလုပ်ငန်းဥပဒေအရ ပြည်နယ်/ တိုင်း စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနတွင် ပုဂ္ဂလိက စက်မှုလုပ်ငန်း မှတ်ပုံတင် ထားရှိမည် ဖြစ်ကြောင်း၊ မြေယာနှင့်ပတ်သက်၍ နိုင်ငံတော်မှ သတ်မှတ်ပြဌာန်းထားသည့် စည်းကမ်းချက်များ ကို လိုက်နာဆောင်ရွက်သွားမည် ဖြစ်ကြောင်း ဝန်ခံကတိပြုထားပါသည်။

၁၁။ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေ ပုဒ်မ ၁၂ အရ ဝင်ငွေခွန် ကင်းလွတ်ခွင့်ကို လည်းကောင်း၊ ပုဒ်မ ၁၃ အရ အခွန်အကောက် ကင်းလွတ်ခွင့် (သို့မဟုတ်) သက်သာခွင့်များကို လည်းကောင်း ခံစားခွင့်ပြု ရပါမည်။

ဆုံးဖြတ်ရန်အချက်

၁၂။ ရွှေယမုံထုတ်လုပ်မှုကုမ္ပဏီလီမိတက် (Shwe Yamone Manufacturing Co., Ltd.) မှ တန် (၃၀၀) ဆံ့ အအေးခန်းစက်ရုံ တည်ဆောက်၍ သန့်ရှင်း လတ်ဆတ်သော ငါး/ပုစွန်များ ပြုပြင် ထုတ်လုပ်ခြင်း လုပ်ငန်းကို မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ ဆောင်ရွက်ခွင့်ပြုရန် သဘောတူ -မတူ။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ ထောက်ခံချက်။

၁၃။ အစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်ကို နာခံပါမည်။

(မောင်မောင်သိမ်း)

ဥက္ကဋ္ဌ
မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၊
ဝန်ကြီး၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရအဖွဲ့

နောက်ဆက်တွဲ(က)

ပြည်ထောင်စုမြန်မာနိုင်ငံတော်

ကုန်သွယ်မှုမူဝါဒကောင်စီ

၂၀၁၀ ခုနှစ်၊ ဇွန်လ(၂)ရက်နေ့တွင် ကျင်းပသော ပြည်ထောင်စုမြန်မာနိုင်ငံတော် ကုန်သွယ်မှုမူဝါဒကောင်စီ အစည်းအဝေးအမှတ်စဉ် (၁၆/၂၀၁၀) မှတ်တမ်းကောက်နုတ်ချက်။

အစည်းအဝေးအစီအစဉ်	စဉ်	ဆုံးဖြတ်ချက်	ဆောင်ရွက်ရန်
၁၆-က	၉၅၀	ရွှေယမုံထုတ်လုပ်မှုကုမ္ပဏီလီမိတက်(Shwe Yamone Manufacturing Co., Ltd.) မှ တန်(၃၀၀) ဆံ့ အအေးခန်းစက်ရုံ တည်ဆောက်၍ သန့်ရှင်းလတ်ဆတ်သော ငါး/ပုစွန်များ ပြုပြင်ထုတ်လုပ်ခြင်းလုပ်ငန်းကို မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ဆောင်ရွက်ခွင့်ပြုကြောင်း ဆုံးဖြတ်ပါသည်။	မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်
စာအမှတ်
ရက်စွဲ 4/6/2010
ကုန်သွယ်မှုမူဝါဒကောင်စီ

နောက်ဆက်တွဲ(ခ)

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန
ဝန်ကြီးရုံး

စာအမှတ်၊ ၁ / ၂၀၀(ည) / ၅၁၀၀ / ၁(၂၃၉ / ၂၀၁၀)၊
ရက်စွဲ ၊ ၂၀၁၀ ခုနှစ်၊ ဧပြီလ(၂)ရက်။

အကြောင်းအရာ။ ။ **ရွှေယမုံ ထုတ်လုပ်မှုကုမ္ပဏီလီမိတက် (Shwe Yamone Manufacturing Co., Ltd) မှ တန် (၃၀၀)ဆန့် အအေးခန်းစက်ရုံ တည်ဆောက်၍ ငါး/ပုစွန် ပြုပြင်ထုတ်လုပ်ရောင်းချခြင်း လုပ်ငန်းဆောင်ရွက်ရန် အဆိုပြုတင်ပြခြင်းကိစ္စ။**

ရည် ညွှန်း ချက် ။ ။ (၁) မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၁၉-၂-၂၀၁၀) ရက်စွဲပါစာ အမှတ်၊ ရက - ၆(က) / မ - ၁၀၆၂ / ၂၀၁၀ (၂၈၆၅)။

(၂) ငါးလုပ်ငန်းဦးစီးဌာန ၏ (၂၃-၃-၂၀၁၀) ရက်စွဲပါစာအမှတ်၊ ၁၃၁ / (၂၀၀၉ - ၂၀၁၀) ထွေ / စက်ရုံ။

၁။ ရွှေယမုံထုတ်လုပ်မှုကုမ္ပဏီလီမိတက်မှ ရေဝတီတိုင်း၊ လပွတ္တာမြို့နယ်၊ (၃)မိုင်မြို့ကွက်သစ်၊ ကွင်းအမှတ်(၅၇၉)၊ ကျောက်မော်ရွာကွင်း၊ မြေကွက်အမှတ်(C, C - 1) ရှိ မြေ(၃.၆၇၂)ဧကတွင် တန်(၃၀၀)ဆန့် အအေးခန်းစက်ရုံ တည်ဆောက်၍ သန့်ရှင်းလတ်ဆတ်သော ငါး/ပုစွန် ပြုပြင်ထုတ်လုပ်ရောင်းချခြင်းနှင့် အအေးခန်းဝန်ဆောင်မှုလုပ်ငန်းကို မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ ဆောင်ရွက် ခွင့်ပြုပါရန် အဆိုပြုချက်နှင့် စပ်လျဉ်း၍ စိစစ်ပြန်ကြားပေးရန် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်မှ ရည်ညွှန်းချက်(၁)ပါစာဖြင့် အကြောင်းကြားလာပါသည်။

၂။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ လမ်းညွှန်ချက်နှင့်အညီ အဆိုပြုချက်ပါ လုပ်ငန်းနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း စိစစ်တင်ပြအပ်ပါသည် -

(က) အဆိုပြုချက်တွင် ဖော်ပြထားသော ကုန်ကြမ်းရရှိနိုင်မှု အခြေအနေမှာ ရေငန်ပုစွန် တစ်နှစ်ပျမ်းမျှ(၅၀)တန်၊ ရေချိုပုစွန် တစ်နှစ်ပျမ်းမျှ(၇၅)တန်နှင့် ရေချို/ရေငန်ငါးတစ်နှစ် ပျမ်းမျှ(၃၅၀)တန်ခန့် ရရှိနိုင်မည် ဖြစ်ပါသည်။ ရေငန်ပုစွန်တစ်ရက်လျှင် (၈၅)ပိဿာ ခန့်၊

ရေချိုပုစွန် တစ်ရက်လျှင် (၁၂၅)ပိဿာခန့် နှင့် ရေချို/ရေငန် ငါးတစ်ရက်လျှင် ပိဿာ (၁၂၀၀)ခန့် လိုအပ်ပါကြောင်း၊ ဒေသပတ်ဝန်းကျင် ခန့်မှန်းလေ့လာချက်အရ ရေချို/ရေငန်ပုစွန် တစ်ရက် ပျမ်းမျှ ပိဿာ(၅၀၀၀)ခန့်၊ ငါးမျိုးစုံပျမ်းမျှ တစ်ရက်လျှင်ပိဿာ (၃၀၀၀)ခန့် ရရှိနိုင်ပါကြောင်း၊ ကုန်ကြမ်းလိုအပ်ချက်အပိုင်းတွင် အဆိုပြုချက်ပါ တင်ပြချက်ထက် ဒေသတွင် ပိုမိုရရှိနိုင်ကြောင်း စိစစ်သိရှိရပါသည်။

(ခ) အဆိုပြုချက်ပါ ကုန်ချော ထုတ်လုပ်နိုင်မှုအပိုင်းတွင် ရေချို/ရေငန် ပုစွန် တစ်နှစ် (၈၀) တန်ခန့် ထုတ်လုပ်နိုင်မည်ဟု ဖော်ပြထားသဖြင့် တစ်ရက်(၀.၂)တန် ထုတ်လုပ်နိုင်ပါကြောင်း၊ ရေချို/ရေငန်ငါး တစ်နှစ်လျှင် (၅၅၈)တန်ထုတ်လုပ်နိုင်မည်ဟုဖော်ပြထားသဖြင့် တစ်ရက်လျှင် ငါး(၁.၅)တန် ထုတ်လုပ်နိုင်ပါကြောင်း၊ အဆိုပြု တင်ပြသည့် ကုန်ကြမ်း လိုအပ်ချက်နှင့် ကုန်ချောထုတ်လုပ်မှု အချိုးအစားညီညွတ်မှု ရှိသည်ကို တွေ့ရှိရပါသည်၊ ကုန်ကြမ်းရရှိမှုပေါ်မူတည်၍ ကုန်ချောပိုမိုထုတ်လုပ်နိုင်မည် ဖြစ်ကြောင်း စိစစ်တင်ပြ အပ်ပါသည်၊

(ဂ) ကုန်ကြမ်းဈေးနှုန်းမှာ အဆိုပြုချက်တွင် ရေချို/ရေငန်ပုစွန် တစ်ပိဿာလျှင် ကျပ် (၄၆၀၀)၊ ရေချိုရေငန် ငါးတစ်ပိဿာလျှင် ကျပ်(၇၀၀)ဖြင့် ဖော်ပြထားပါကြောင်း၊ စိစစ်လေ့လာချက်အရ ရေချို/ရေငန်ပုစွန်ပျမ်းမျှ တစ်ပိဿာလျှင် ကျပ်(၇၅၀၀)ခန့်၊ ရေချို/ရေငန် ငါးပျမ်းမျှ တစ်ပိဿာလျှင် ကျပ်(၅၅၀၀)ခန့်ရှိပါကြောင်း၊ ကုန်ချောဈေးနှုန်းမှာ အဆိုပြုချက်တွင် ပြည်ပရောင်းဈေး ရေချို/ရေငန်ပုစွန် တစ်တန်လျှင် US$ (၇၈၀၀)ခန့် နှင့် ငါးဈေးနှုန်းတစ်တန်လျှင် US$ (၂၃၀၀)ခန့်ဖော်ပြထားပါကြောင်း၊ ပြည်ပပို့ကုန် ဈေးနှုန်းကို ပြည်ပတွင် လေ့လာချက်အရ၊ ရေချို/ရေငန်ပုစွန် တစ်တန်လျှင် ပျမ်းမျှ US$ (၆၀၀၀)အထက် ရှိပါကြောင်းနှင့် ငါးတစ်တန်လျှင် ပျမ်းမျှ US$ (၃၀၀၀) ခန့်ရှိသဖြင့် ဈေးနှုန်းကွဲလွဲမှု အနည်းငယ်ရှိကြောင်း စိစစ်တင်ပြအပ်ပါသည်၊

(ဃ) စက်ရုံတွင် တပ်ဆင်မည့် ကုန်ချောထုတ်လုပ်ရန် စက်၏ Capacity မှာ ငါးပြုပြင်ထုတ်လုပ်ရန်အတွက် Blast Freezer (3 MT / 6 hr) (1) Set နှင့် ပုစွန်ပြုပြင်ထုတ်လုပ်မည့် Contact Freezer (0.5 MT/90 min) (1) Set တပ်ဆင်မည်ဖြစ်ကြောင်း၊ အဆိုပါစက်များ၏ Capacity အရ အနည်းဆုံး တစ်နေ့ ငါး(၆)တန်နှင့် ပုစွန်(၁.၅)တန် ထုတ်လုပ်နိုင်ပါကြောင်း စိစစ်တင်ပြအပ်ပါသည်၊

(င) အဆိုပါစက်များကို ကိုင်တွယ်မောင်းနှင်ရန် အင်ဂျင်နီယာ (၂)ဦး၊ စက်မောင်း(၄)ဦး၊ ကုန်ကြမ်း/ကုန်ချောပစ္စည်း ထမ်းပိုးဆောင်ရွက်ရန် ကျွမ်းကျင်လုပ်သား နှင့် တစ်ဝက်တစ်ပျက် ကျွမ်းကျင်လုပ်သား (၁၇၅)ဦး ခန့်ထား ဆောင်ရွက်မည်ဖြစ်ကြောင်း နှင့် စက်မောင်း (၄)ဦးမှာ အရေအတွက်နည်း၍ နောက်ထပ်(၂)ဦး ဖြည့်စွက်ခန့်ထားရန် လိုအပ်ပါကြောင်း၊ ကုန်ချောထုတ်လုပ်မှုနှင့် စက်အင်အား၊ လူအင်အား အချိုးအစား ညီမျှမှုရှိပါကြောင်း စိစစ်တင်ပြအပ်ပါသည်။

၃။ အထက်အပိုဒ်(၂)ပါစိစစ်ချက်အပြင် လုပ်ငန်းနှင့်စပ်လျဉ်းသည့် ကျွမ်းကျင်မှုနည်းပညာများကို အောက်ပါအတိုင်းစိစစ်တင်ပြအပ်ပါသည် -

(က) အဆိုပြုတင်ပြသည့် စက်ရုံတည်ဆောက်မည့် မြေနေရာမှာ ရွှေးမြစ်ကမ်းနံဘေးတွင် တည်ရှိပြီး၊ ပတ်ဝန်းကျင်ညစ်ညမ်းမှုမရှိစေရန် ရေဆိုးများကို သန့်စင်သောစနစ်(Waste Water Treatment System)ဆောင်ရွက်ရန် အဆင်ပြေသဖြင့် စက်ရုံဆောက်လုပ်ရန် သင့်လျော်မှုရှိပါသည်။ မီးဘေးကြိုတင်ကာကွယ်မှုအစီအမံများ ဆောင်ရွက်ထားရှိမှုကို စိစစ်တွေ့ရှိရပါသည်၊

(ခ) လပွတ္တာမြို့သစ်၊ အသေးခန်းစက်မှုဇုန်တွင် ရွှေယမုံထုတ်လုပ်မှု ကုမ္ပဏီလီမိတက် အပါအဝင် အသေးခန်းစက်ရုံတည်ဆောက်ရန် တင်ပြလျှောက်ထားသော ကုမ္ပဏီ (၄)ခု ရှိပါသည်။ ရွှေယမုံထုတ်လုပ်မှုကုမ္ပဏီလီမိတက်မှ တင်ပြထားသည့် မြေအကျယ် (၃.၆၇၂)ဧကမှာ စက်ရုံဆောက်လုပ်ရန် သင့်လျော်မှုရှိပါသည်၊

(ဂ) ရွှေယမုံထုတ်လုပ်မှုကုမ္ပဏီလီမိတက်(Shwe Yamone Manufacturing Co., Ltd)မှ ဧရာဝတီတိုင်း၊ လပွတ္တာမြို့နယ်တွင် တန်(၃၀၀)ဆန့်၊ အသေးခန်းစက်ရုံ လုပ်ငန်း ဆောင်ရွက်ခြင်းဖြင့် ဧရာဝတီတိုင်းအတွင်းဒေသခံပြည်သူများအတွက် အလုပ်အကိုင် အသစ်များ ရရှိမည်ဖြစ်ခြင်း၊ ရေလုပ်ငန်းဆိုင်ရာ ခေတ်မီနည်းပညာများ တိုးပွား ရရှိစေခြင်း၊ ဒေသဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုဖြစ်စေပြီး အလုပ်အကိုင် အခွင့်အလမ်းများ ရရှိလာမည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ရွှေယမုံ ထုတ်လုပ်မှုကုမ္ပဏီလီမိတက်မှ တန်(၃၀၀)ဆန့် အအေးခန်းစက်ရုံ တည်ဆောက်ပြီး၊ ငါး/ပုစွန် ပြုပြင်ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်းဆောင်ရွက်ရန် အဆိုပြု တင်ပြခြင်းကို ကန့်ကွက်ရန်မရှိပါကြောင်း တင်ပြအပ်ပါသည်။

ဝန်ကြီး(ကိုယ်စား)
(မြတ်ကျော်၊ ရုံးအဖွဲ့မှူး)

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

မိတ္တူ -

(၁) ညွှန်ကြားရေးမှူးချုပ်၊ ငါးလုပ်ငန်းဦးစီးဌာန။

(၂) အုပ်ချုပ်မှုဒါရိုက်တာ၊ ရွှေယမုံထုတ်လုပ်မှုကုမ္ပဏီလီမိတက်။